# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁ - ၁၂ - ၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် ( ၃၆ / ၂၀၂၁)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန(၂)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၈)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၃၃)ဦး တို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>- ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန | (၂၅)ဦး | ၂၉-၁၀-၂၀၂၁ | ၁၅-၁၁-၂၀၂၁ | ၂၃-၁၁-၂၀၂၁ | ၁-၁၂-၂၀၂၁ (၃၆/၂၀၂၁) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | | | | | |
| | (က) ပြည်ထောင်စုဝန်ကြီးရုံး | (၇)ဦး | ၁၀-၁၁-၂၀၂၁ | ၁၆-၁၁-၂၀၂၁ | ၁၉-၁၁-၂၀၂၁ | ၁-၁၂-၂၀၂၁ (၃၆/၂၀၂၁) |
| | (ခ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | (၁)ဦး | ၃-၁၁-၂၀၂၁ | ၂၂-၁၁-၂၀၂၁ | ၂၃-၁၁-၂၀၂၁ | ၁-၁၂-၂၀၂၁ (၃၆/၂၀၂၁) |